‘ ကြားဖူးနား၀ လိင် ဟာသ ’

မြန်မာ့ရိုးရာလိင်ဟာသဆိုတော့ ယခုခေတ်အခြေအနေ ပုံပြင်များနှင့် ကွဲလွဲမှုရှိနိုင်ပါသည်။ ကြားဖူးနား၀ ပုံပြင်များအား မျှဝေခံစားခြင်းဖြစ်ပါသည်။

ရှေးတုန်းကဗမာဘုန်းကြီးကျောင်းတွေမှာ ပထမ က ဆရာတော်၊ ဒုတိယ က ဦးသူတော် ၊ တတိယ က ဘုန်းကြီးကျောင်းသား၊ နေရာတိုင်းမှာ အဆင့်ဆင့်နေထိုင်ရတယ်။ ယခုခေတ်မှာတော့ ဦးသူတော် ဆိုတာတော်တော်ကို ရှားနေပါပြီ။ မရှိသလောက်ပါဘဲ။ အဲဒီတုန်းက ဦးသူတော်တွေကတော်တော်ကိုဆိုးတာ။ ဆရာတော်ကြီး ခိုင်းတာထက်ပိုပြီး ဘုန်းကြီးကျောင်းသားတွေကို ပိုပြီးခိုင်းလေ့ရှိတယ်။ ကျောင်းသားတွေကလဲ ဦးသူတော်ကြီးကို မကျေနပ်ကြဘူး။ အခွင့်အရေးကြုံရင် ဦးသူတော်ကြီးကို အမူအရာနဲ့ဖြစ်ဖြစ်၊စကားနဲ့ဖြစ်ဖြစ် ပြန်လှန်ကြဘို့ တိုင်ပင်ထားကြတယ်။

တစ်နေ့မှာ ဆွမ်းခံသွားရင်းနဲ့ အသားဟင်းရလာတယ်။ ရွာမှာဆိုတော့ အသားဟင်းခွက်တစ်ခွက် ရဘို့ မလွယ်ဘူး။ ဆရာတော်ကြီးက အသားဟင်းခွက်ဆိုရင် ဘယ်တုန်းကမှ ကုန်အောင် ဘုန်းမပေးဘူး။ ဦးသူတော်ကြီးနဲ့ ကျောင်းသားတွေ စားဘို့အမြဲတမ်း ချန်ထားလေ့ရှိတယ်။ ဆရာတော်ကြီးဘုန်းပေးပြီးရင် ဦးသူတော်၊ ပြီးတော့ ဘုန်းကြီးကျောင်းသား။ အဲဒီတော့ ကျောင်းသားတွေဘို့ အသားဟင်းစားရဘို့ မလွယ်ဘူး။ ဒီတစ်ခါ ဆရာတော်ကြီးက အသားဟင်း လုံး၀ဘုန်းမပေးဘဲ အကုန်ချန်ထားတယ်။ ဦးသူတော်ကြီးစားပြီးရင် ကျောင်းသားတွေဘို့ ကျန်နိုင်တဲ့ အနေအထား။ ကျောင်းသားတွေက ဦးသူတော်ကြီးစားနေတာကို ဘေးနားကနေ အကဲခတ်နေကြတယ်။ ဦးသူတော်ကြီး တစ်တုန်းပြီး တစ်တုန်း စားနေတာကို ကျန်လောက်ပါတယ် ဆိုပြီး ရင်တထိတ်ထိတ်နဲ့ မျှော်လင့်နေကြတယ်။ ဦးသူတော်ကြီးက ‘ကျောင်းသားတွေ စားလို့ရပြီ’ လို့အော်လိုက်တာနဲ့ အသားဟင်း ဘယ်နှစ်တုန်း ကျန်လဲသိချင်တာနဲ့ အပြေးအလွှား ကြည့်ကြတယ်။ ‘အင်း...ဒီတစ်ခါတော့ ကံကောင်းလို့ တစ်တုန်းတော့ကျန်သေးတယ်’။ ဦးသူတော်ကြီးက ရေသောက်ရင်း၊ တစ်ဘက်က ရေခွက်ကိုင်၊ ကျန်တစ်ဘက်က ကျန်နေတဲ့အသားတုန်းဆီလှန်းနိုက်ရင်း..

‘အင်း.. ဒီတစ်တုန်းတော့ အစားပိတ်တဲ့ အနေနဲ့ ၀ါးလိုက်အုန်းမှ....’ ဆိုပြီး ပလုတ်ပလောင်းနဲ့ ..

‘အင်း..သူများအသားလေးများ ဖိုက်ထဲ၀င်ရင် တယ်ကောင်းပါလား’။

အဲဒီတော့ကျောင်းသားတစ်ယောက်က..

‘ ဦးသူတော်ကြီး ဘာပြောလိုက်တယ် ’ ဆိုပြီး သေချာအောင် မေးလိုက်တော့..

‘ သူများအသားလေးများ ဖိုက်ထဲ၀င်ရင် တယ်ကောင်း..တယ်ကောင်း...’

‘ အဲဒီလိုဆိုရင် ဦးသူတော်ကြီး ပိုကောင်းသွားအောင် ဖင်ခံ လိုက်ပါလား’ လို့ပြန်ပြောလိုက်တော့...

ကျန်တဲ့ကျောင်းသားတစ်သိုက်ကလဲ.. ဟုတ်တယ်..ဟုတ်တယ်..

‘ ဦးသူတော်ကြီး ပိုကောင်းသွားအောင် ဖင်ခံ လိုက်ပါလား’

‘ ဦးသူတော်ကြီး ပိုကောင်းသွားအောင် ဖင်ခံ လိုက်ပါလား’

‘ ဦးသူတော်ကြီး ပိုကောင်းသွားအောင် ဖင်ခံ လိုက်ပါလား’ ဆိုပြီး သံပြိုင်အော်ပြီးပြေးကြတယ်။

ဦးသူတော်ကြီး နဲ့ ကျောင်းသားတွေရဲ့ အဖြစ်အပျက်ကို အစအဆုံး မြင်နေကြားနေရတဲ့ ဆရာတော်ကြီးကတော့ တပြုံးပြုံးနဲ့ ပေါ့။ .......................

KK